စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်

ညွှန်ကြားချက်အမှတ် (၅/၂၀၁၆)

# အများနှင့်သက်ဆိုင်သောကုမ္ပဏီများ၏ အစုရှယ်ယာများကို အများပြည်သူသို့ ကမ်းလှမ်းရောင်းချရာတွင် အသုံးပြုမည့် အလားအလာညွှန်းတမ်းပုံစံ

၂၀၁၆ ခုနှစ်၊ ဧပြီလ ၇ ရက်

ငွေချေးသက်သေခံလက်မှတ် များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေ၊ အခန်း (၁၃)၊ ပုဒ်မ ၇၁ (ခ) အရ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်သည် အများနှင့်သက်ဆိုင်သောကုမ္ပဏီ များ၏ အစုရှယ်ယာများကို အများပြည်သူသို့ ကမ်းလှမ်းရောင်းချရာတွင် အသုံးပြုမည့် အလားအလာ ညွှန်းတမ်းပုံစံကို ထုတ်ပြန်လိုက်သည်။

၁။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၅) ၏ အပိုဒ် ၅ (က) အရ အများနှင့်သက်ဆိုင်သောကုမ္ပဏီသည် အစုရှယ်ယာများကို အများပြည် သူသို့ကမ်းလှမ်းရောင်းချရာတွင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်မှသတ်မှတ် ထားသော အလားအလာညွှန်းတမ်း ပုံစံ အတိုင်း ပြင်ဆင်ရမည်။ငွေချေးသက်သေခံလက်မှတ်များလဲလှယ် ရောင်းဝယ်ရေး ဥပဒေ ပုဒ်မ ၃၅ (က) အရ အများနှင့်သက်ဆိုင်သောကုမ္ပဏီများသည် ငွေချေးသက်သေ ခံလက်မှတ်များကို အများပြည်သူသို့ ကမ်းလှမ်း ရောင်းချခြင်း မပြုမီ အဆိုပါ အလားအလာညွှန်းတမ်း ပုံစံကို ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင်သို့ တင်ပြ အတည်ပြုချက် ရယူရန် လိုအပ်သည်။

၂။ အလားအလာညွှန်းတမ်း အသုံးပြုမှုပုံစံမှာ အောက်ပါအတိုင်းဖြစ်သည်-

| အစုရှယ်ယာများကိုဝယ်ယူရန်ကမ်းလှမ်းရောင်းချခြင်းကို ပြုလုပ်သည့် ပုဂ္ဂိုလ်အရေအတွက် | ကမ်းလှမ်းရောင်းချမည့်ပမာဏ (ကျပ်သန်းပေါင်း) | အလားအလာညွှန်းတမ်းပုံစံ |
|---|---|---|
| လူဦးရေ ၁၀၀ အောက်လျော့နည်းလျှင် | ကျပ်သန်း ၅၀၀ ထက်နည်းလျှင် | ပုံစံ (က) |
| လူဦးရေ ၁၀၀ အောက်လျော့နည်းလျှင် | ကျပ်သန်း ၅၀၀ ကျော်ပါက | ပုံစံ (ခ) |
| လူဦးရေ ၁၀၀ ထက် ကျော် ပါက | ကျပ်သန်း ၅၀၀ ထက်နည်းလျှင် | ပုံစံ (ခ) |
| လူဦးရေ ၁၀၀ ထက်ကျော်ပါက | ကျပ်သန်း ၅၀၀ ကျော် ပါက | ပုံစံ (ခ) |

(ဒေါက်တာမောင်မောင်သိမ်း)

ဥက္ကဋ္ဌ